ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -14/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေကူမြို့မှ ကျောက်ကြီးကျေးရွာသို့ စုန်ဆင်းလာသည့် စကစ၏ ရိက္ခာတင်ဆောင်လာသော စက်လှေကို မြို့လုံ PDF မှ ကြားဖြတ် တိုက်ခိုက်ခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ ဆော့လော်မြို့ အရှေ့ဘက် (၅) မိုင်ခန့်အကွာ ဗစ်ရှိန့်ကျေးရွာတွင် စကစလက်အောက်ခံ ပြည်သူ့စစ်တပ်ဖွဲ့ကို KIA၊ PDF ပူးပေါင်းတပ်မှ တိုက်ခိုက်ရာ ပြည်သူ့စစ် (၆) ဦး ဖမ်းမိခဲ့ပြီး လက်နက် (၁၀) လက် သိမ်းဆည်းရမိကြောင်း သိရသည်။

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ သက်န်းညီနောင်ရှိ စကစ၏ ခလရ ၂၇၅ စခန်းကုန်းကို KNLA ပူးပေါင်းတပ်(ကျားသစ်နက်စစ်ကြောင်း)မှ ဝင်ရောက် တိုက်ခိုက်သိမ်းယူနိုင်ခဲ့ပြီး လက်နက်အချို့ သိမ်းဆည်းရမိခဲ့သည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ မြင်းစီးကျေးရွာရှိ ပျူစောထီးစခန်းအား ရွှေဘို မြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒေသခံကာကွယ်ရေးအဖွဲ့များမှ ဗုံးကြဲ တိုက်ခိုက်၍ ဝင်ရောက်ပစ်ခတ်ခဲ့ရာ စကစ တပ်သား (၁) ဦး နှင့် ပျူစောထီး (၂) ဦး သေဆုံး ခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ တမူးမြို့၊ စော်ဘွား (၆) ရပ်ကွက်ရှိ စကစများ တပ်စွဲထားသည့် မြေနီကုန်းဘုန်းကြီးကျောင်းရှိ စကစတပ်များ၊ ပျူစောထီးအဖွဲ့ဝင်များအား တမူးခရိုင်၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် ပူးပေါင်း မဟာမိတ်တပ်ဖွဲ့များမှ တိုက်ခိုက်ခဲ့ရာ စကစ နှင့် ပျူစောထီးများ ထိခိုက်ဒဏ်ရာများ ရရှိသွားကြောင်း သိရသည်။

မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့၊ ဝန်ထမ်းအိမ်ယာ ၊ ၉၃၄ ထောက်ပို့တပ်၊ ဒကစ တို့အား ကလေးခရိုင်ပြည်သူ့ကာကွယ်ရေးတပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၅) ဦးသေဆုံးသွားခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ခင်ဦးမြို့ ရဲစခန်းအား ရွှေဘိုခရိုင် PDF တပ်ရင်း များမှ Drone ဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ထိခိုက်သေဆုံးမှုစာရင်း မသိရသေးကြောင်း သိရှိရသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ဘူးသိုမြို့၊ မယ်ညုကျေးရွာ အုပ်စု၊ ထိုခေးလို ကျေးရွာအတွင်းသို့ မထောရွာအခြေစိုက် စကစ၏ ခမရ (၄၀၈) နှင့် မဟာမိတ်တပ် BGF တို့မှ လက်နက်ကြီးများဖြင့် ခြိမ်းခြောက် ပစ်ခတ်မှုကြောင့် ကလေးငယ် နှစ်ဦး အပါအဝင် အရပ်သားလေးဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ တမူးမြို့၊ စော်ဘွား(၆)ရပ်ကွက်ရှိ နေအိမ် (၁) လုံးအား စကစတပ်သားများနှင့် ပျူစောထီးအဖွဲ့ဝင်များက မီးရှို့ဖျက်ဆီး သွားခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့၊ တောင်ဖီလာ တောင်ပေါ်ရှိ စကစ တပ်သားများသည် 155 mm ၊ 120 mm များဖြင့် ကလေးမြို့၊ တာဟန်းရပ်ကွက် နယ်မြေ (၉)သို့ အကြောင်းမဲ့သက်သက် ပစ်ခတ်ခဲ့သည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့ မကွေးတိုင်း၊ ဆောမြို့နယ်၊ ဖိုလယ်၊ ကြခတ်၊ ပေါက်တော၊ ကျောက်ဆွဲ စသည့် ရွာများအား စကစ မှ Mi 35 ရဟတ်ယာဉ်ဖြင့် ပစ်ခတ်ပြီး ဗုံးများကြဲချ ခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ အနောက်တောင်ပိုင်း သက္ကယ်ကျင်းကျေးရွာရှိ နေအိမ်များကို စကစ တပ်မှ မီးရှို့ခဲ့ကြောင်း သိရသည်။